# နေ့စဉ်သတင်းများစုဆောင်းတင်ပြခြင်း

(No.54, September 1, 2020)

၁။ ချောင်းနစ်ခွကျေးရွာ အထက်တန်းကျောင်းဆောင် မိုကြိုးထိမှန် မီးလောင်ဆုံးရှုံး

၂။ ပိုးတွေ့လူနာများ တိုးလာနေ၍ကချင်ပြည်နယ်ပြင်ပမှ လာသူများကို Quarantine ခုနစ်ရက်ထားမည်ဟု KIO ပြော

၃။ တပ်ချုပ်နှင့်တွေ့ဆုံစဉ်ဆွေးနွေးခဲ့သည့်အချက်သုံးချက်မှာ ပြည်သူများအကျိုးရှိအောင် ဆွေးနွေးခဲ့ခြင်းဖြစ်ဟု PNO ပါတီပြော

၄။ AA ခေါင်းဆောင်၏ ညီမနှင့် ယောက်ဖအမှု စက်တင်ဘာအတွင်း အပြီးသတ်အမိန့်ချဖွယ်ရှိ

၅။ ကော့ကရိတ်-မြဝတီ ကားလမ်းဟောင်းပေါ်ရှိ ဆက်သွယ်ရေးစခန်းတိုက်ခိုက်ခံရမှု တပ်မတော်သားငါးဦး သေဆုံး ရဲတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် ငါးဦးဒဏ်ရာရ

၆။ ကျောက်ဖြူက လွှတ်တော်ကိုယ်စားလှယ် အေအေနဲ့ပတ်သက်တယ်ဆိုပြီး ရွေးကောက်ပွဲပြိုင်ခွင့်မရ

၇။ ကိုရိုနာဗိုင်းရပ်စ် သတင်းတွေ သိရဖို့ ရခိုင်စစ်ရှောင်စခန်းတွေကို ရေဒီယိုတွေ ဝေမယ်

၈။ COVID-19 ရောဂါဖြစ်ပွားသူများလာချိန်တွင် တောင်ကြီးမြို့၌ ကျန်းမာရေးညွှန်ကြားချက်များ လိုက်နာခြင်းမရှိသူများကို ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေအပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့်ပါ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ပြောကြား

၉။ အမ်းတပ်နယ်ရှိ တားမြစ်နယ်မြေတွင် လုံခြုံရေးစစ်သည်နှင့်လူငယ်တစ်ဦးတို့ အချင်းများမှုဖြစ်ပွားခဲ့ပြီး ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သော စစ်သည်ကို အရေးယူမည်ဟု တပ်မတော် သတင်းထုတ်ပြန်

၁၀။ ဖားကန့်တွင် စုပေါင်းအဖွဲ့က မူးယစ်ရောင်းချနေသူများ၏ တဲငယ် ၂၅ လုံးကို မီးရှို့ဖျက်ဆီး

၁၁။ စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးတွင် ဆန်ပေးမည်၊ ငွေပေးမည်ဟု သတင်းမှားများ ထွက်ပေါ်လာပြီး လူစုလူဝေး ဖြစ်ပွားခဲ့

၁၂။ ရခိုင်ပြည်နယ်အတွက် ငွေရေးကြေးရေး လိုသမျှ ပံ့ပိုးပေးမယ်လို့ ဒေါ်အောင်ဆန်းစုကြည် ပြောကြား

၁၃။ မဲဆွယ်မယ်ဆို အကြောင်းကြားရမယ်လို့ RCSS/SSA ကြေညာ

၁၄။ ရခိုင်ကို လေကြောင်းဖြင့် ခရီးသွားခဲ့သူများ သတင်းမပို့လျှင် ဥပဒေဖြင့် အရေးယူမည်

၁၅။ ရသေ့တောင် စေတီပြင်ရွာသားတစ်ဦး ခြေထောက်ကို ကျည်ဆံထိမှန်

၁၆။ မွန်ညီညွတ်ရေးပါတီက ဗဟိုအောင်နိုင်ရေးကော်မတီဖွဲ့စည်း

၁၇။ ဖလုံ-စဝေါ်က နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်တိုင်းတွင် သုံးဦး ဝင်ပြိုင်မည်

၁၈။ ကျိုင်းတောင်းရေအားလျှပ်စစ် ဝန်ထမ်း အိမ်ရာဆောက်ရန် ယာမြေ ဧက ၂၀၀ ကုမ္ပဏီသိမ်းယူမည့်ကိစ္စ ဒေသခံ သဘောမတူ

၁၉။ ကယားဝန်ကြီးချုပ်အပေါ် စွပ်စွဲပြစ်တင်မှု အောင်မြင်

********************

## ၁။ ချောင်းနှစ်ခွကျေးရွာ အထက်တန်းကျောင်းဆောင် မိုကြိုးထိမှန် မီးလောင်ဆုံးရှုံး

(ဩဂုတ် ၂၈)

ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဆောင်တစ်ခု ယနေ့ နံနက်ပိုင်းတွင် မိုးကြိုးထိမှန် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

မီးလောင်မှုတွင် အလျား ၂၂၀ ပေ၊ အနံ ၃၀ ပေ၊ အုတ်ညှပ်(၂)ထပ် ပင်မအဆောက်အဦးတစ်ခုလုံး နာရီဝက်အတွင်း မီးလောင်ပြာကျသဖြင့် ကျောင်းအသုံးအဆောင်ပစ္စည်းအားလုံး မီးထဲပါသွားကြောင်း ကျောင်းကော်မတီဝင် ဦးလှဌေးက ဆိုသည်။ အဆိုပါမီးငြိမ်းသတ်ရာတွင် သံပုရာကျေးရွာ၊ တောင်ကလေးကျေးရွာ၊ ကျိုက်မရောမြို့ မီးသတ်ကားအပါဝင် (၇)စီးခန့် လာရောက်မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် အာဏာပိုင်များက စာသင်ကျောင်းအဆောက်အအုံ ဆုံးရှုံးမှုတန်ဖိုး ၁၆၅ သိန်းဟု ခန့်မှန်းပြောဆိုထားသော်လည်း ကာလတန်ဖိုးအားဖြင့် ထိုထက်မကတန်ဖိုးကြီးမားနိုင်ကြောင်း ရွာသားအချို့က ထောက်ပြသည်။ အလားတူ ဩဂုတ်လ (၂၇) ရက်နေ့ညက ရေးမြို့နယ် အံဒင်ကျေးရွာအုပ်စု ငါးမျှားစခန်းကျေးရွာတွင်လည်း ငါးလှန်းစင်များ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

[http://burmese.monnews.org/2020/08/28/%e1%80%81%e1%80%bb%e1%80%b1%e1%80%ac%e1%80%84%e1%80%ba%e1%80%b8%e1%80%94%e1%80%be%e1%80%85%e1%80%ba%e1%80%81%e1%80%bd%e1%80%80%e1%80%bb%e1%80%b1%e1%80%b8%e1%80%9b%e1%80%bd%e1%80%ac-%e1%80%a1%e1%80%91/](http://burmese.monnews.org/2020/08/28/%e1%80%81%e1%80%bb%e1%80%b1%e1%80%ac%e1%80%84%e1%80%ba%e1%80%b8%e1%80%94%e1%80%be%e1%80%85%e1%80%ba%e1%80%81%e1%80%bd%e1%80%80%e1%80%bb%e1%80%b1%e1%80%b8%e1%80%9b%e1%80%bd%e1%80%ac-%e1%80%a1%e1%80%91/)

***************

## ၂။ ပိုးတွေ့လူနာများ တိုးလာနေ၍ ကချင်ပြည်နယ် ပြင်ပမှ လာသူများကို Quarantine ခုနစ်ရက်ထားမည်ဟု KIO ပြော

September 1, 2020

ရခိုင်ပြည်နယ်အပါအဝင်နိုင်ငံအတွင်း COVID-19 ရောဂါပိုးတွေ့ရှိသူများ နေ့စဉ်တိုး လာ၍ ကချင်ပြည်နယ်ပြင်ပမှ ဝင်ရောက်လာသူများကို Qua-rantine ခုနစ်ရက်ထားရှိရန်ပြန်လည်ဆုံးဖြတ်ကြောင်း ကချင်လက်နက်ကိုင်အဖွဲ့ (KIO/KIA) ၏ COVID-19 ကာကွယ်နှိမ်နင်း ရေးကော်မတီ အတွင်းရေးမှူး ဦးဟိမ်းဝမ်က ပြောသည်။ KIO အနေ

ဖြင့် ဩဂုတ် ၁၆ ရက်ကစတင်၍ Quarantine ထားရှိမှုအစီအစဉ်ကို ဖျက်သိမ်းခဲ့ရာ ယခု ပိုးတွေ့လူနာများတိုးလာ၍ ပြန်လည်ထားရှိရန် သတ်မှတ် ခြင်းဖြစ်သည်။

တရုတ်နိုင်ငံဘက်ခြမ်းမှ KIO ဒေသသို့ ဝင်ရောက်လာသူ များကိုလည်း Quarantine ခုနစ် ရက်ထားမည်ဟု ၎င်းကဆိုသည်။ KIO ထိန်းချုပ်ဒေသများဖြစ်သည့် လိုင်ဇာနှင့်မိုင်ဂျာယန်သို့ ပြည်တွင်းမှ ဝင်ရောက်သည့်လမ်းကြောင်း ၁၀ ခုကျော်ရှိရာ လေးခုသည် လူအဝင်၊ အထွက်များကြောင်း၊ အဆိုပါ စစ်ဆေးရေးဂိတ်များတွင် ကိုယ်အပူချိန်တိုင်းခြင်း၊ ခရီးသွားရာဇဝင်မေး မြန်းခြင်းများ ပြုလုပ်နေကြောင်း ၎င်းကဆိုသည်။

KIO ထိန်းချုပ်ဒေသရှိ စာသင်ကျောင်းများကို လတ်တလော ပိတ်ထားခြင်းမရှိသေးဘဲ COVID ကာကွယ်ရေးစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရန်သာ အသိပေးထားကြောင်း ဦးဟိမ်းဝမ်က ပြောသည်။ KIO အနေဖြင့် COVID-19 ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် ကချင်ပြည်နယ်အစိုးရနှင့် တစ်ကြိမ်ဆွေးနွေးခဲ့သော်လည်း ပြဿနာအချို့ဖြစ်ပွား၍ ထပ်မံတွေ့ဆုံညှိနှိုင်းမှုများ မလုပ်ဆောင်နိုင်ခဲ့ပေ။ တပ်မတော်အနေဖြင့် KIO ထိန်းချုပ်ဒေသသို့ရဟတ်ယာဉ်ဖြင့်လာရောက်ပြီးရောဂါကာကွယ်ရေးဆိုင်ရာပစ္စည်းများထောက်ပံ့ခဲ့သည်။

https://7day.news/detail?id=197502

***************

## ၃။ တပ်ချုပ်နှင့်တွေ့ဆုံစဉ်ဆွေးနွေးခဲ့သည့်အချက်သုံးချက်မှာ ပြည်သူများအကျိုးရှိအောင် ဆွေးနွေးခဲ့ခြင်းဖြစ်ဟု PNO ပါတီပြော

September 1, 2020

ပြီးခဲ့သည့် ဩဂုတ် ၁၄ ရက်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်တွေ့ဆုံစဉ် PNO ပါတီက ဆွေးနွေးခဲ့သည့်အချက် သုံးချက်သည် တိုင်းရင်းသား ၁၃၅ မျိုး၊ တိုင်းနှင့်ပြည်နယ် ၁၄ ခုအတွင်းရှိ ပြည်သူများ အကျိုးရှိအောင်ဆွေးနွေးခဲ့ခြင်းသာဖြစ် သည်ဟု ယင်းပါတီ၏ ဒုတိယ ဥက္ကဋ္ဌ ဦးခွန်မောင်သောင်းက ရှင်းလင်းပြောဆိုခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပါတီ ၃၄ ပါတီတွေ့ဆုံ သည့်ပွဲတွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် PNO ပါတီ ဒုတိယဥက္ကဋ္ဌ ဦးခွန်မောင်သောင်းက အချက်သုံးချက်ဆွေးနွေးခဲ့သည့်အနက် ပထမအချက်ကို ပအိုဝ်းလူငယ်များအရပ်ဘက်အဖွဲ့အစည်းများက အပြင်းအထန်ဝေဖန်ခဲ့သည်။ ကျန်သည့်ဆွေးနွေးမှုနှစ်ခုသည် PNO ပါတီအနေဖြင့်တရားမျှတသော ရွေးကောက်ပွဲကိုလိုလားကြောင်းနှင့် ပဲခူးတိုင်း၊ ကယားပြည်နယ်တို့တွင် လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းကပင် ပအိုဝ်းလူမျိုးများ နေထိုင်လျက်ရှိသော်လည်း မြို့နယ်အချက်အလက်များ ထုတ်ပြန်ရာတွင် ပအိုဝ်းလူမျိုးလူဦးရေတစ်ဦး တစ်ယောက်မျှမပါရှိကြောင်း ဖော်ပြထားခြင်းသည် တရားမျှတသောရွေးကောက်ပွဲဖြစ်ကြောင်း ယုံကြည်ရန် အားနည်းစေပါကြောင်းအချက်ကို ဆွေးနွေးခဲ့သည်။ ထို့အပြင် တပ်မတော်မေတ္တာရေပက်ဖျန်းမှုကြောင့် အေးချမ်းသာယာသည်ဆိုသောစကားသည် တပ်မတော်နားကြားကောင်းအောင်အကျိုးစီးပွား၊ ဆက်ဆံရေး နီးကပ်မှုအရ ပြော နေသည့် စကားသာဖြစ်သည်ဟု ၎င်းကဆိုသည်။

ထို့အတူ ပအိုဝ်းဒေသတွင် ဒီမိုကရေစီအသိအမြင်ဖွံ့ဖြိုးရန် လုပ်ဆောင်နေသည့် ခွန်ဇော်ကလည်း ထိုစကားသည် ဦးခွန်မောင်သောင်းပြောသည့် စကားသာဖြစ်ပြီး ပအိုဝ်းပြည်သူနှင့် တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားမပြု

ကြောင်းပြောဆိုသည်။ ကျန်ရှိသည့် ဦးခွန်မောင်သောင်းက တပ်ချုပ်ထံသို့ ဆွေးနွေးသည့် အကြောင်းအရာနစ်ခုကိုမှုသီးခြားမှတ်ချက်ပြုစရာမရှိဟုပအိုဝ်းလူငယ်များအရပ်ဘက်အဖွဲ့အစည်းများကဆိုသည်။
https://7day.news/detail?id=197501

**************

## ၄။ AA ခေါင်းဆောင်၏ ညီမနှင့် ယောက်ဖအမှု စက်တင်ဘာအတွင်း အပြီးသတ်အမိန့်ချဖွယ်ရှိ

September 1, 2020

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲခံရသည့် ရခိုင်လက်နက်ကိုင်အဖွဲ့(AA) စစ်ဦးစီးချုပ်၏ညီမနှင့်ယောက်ဖဖြစ်သူတို့အမှုကို လာမည့်စက်တင်ဘာလအတွင်း အပြီးသတ်အမိန့်ချမှတ်နိုင်ခြေရှိကြောင်း စွပ်စွဲခံရသူများ၏ရှေ့နေ ဦးအောင်ကျော်စိန်က ပြောသည်။

AAခေါင်းဆောင် ဗိုလ်ချုပ်ထွန်းမြတ်နိုင်၏ညီမ မယမင်းမြတ်(ခ)မိုးနှင်းဖြူနှင့်ယောက်ဖ ကိုကျော်နိုင်တို့ကို အကြမ်းဖက် တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)ဖြင့် သတင်းတပ်ဖွဲ့ကတရားစွဲဆိုထားပြီး ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌ တရားရင်ဆိုင်နေကြသည်။ ထိုအမှုကို ပြီးခဲ့သည့်ဩဂုတ် ၆ ရက်တွင် တရားရုံးက စွဲချက်တင်အမိန့်ချမှတ်ခဲ့သည်။ ယင်းနောက် စွပ်စွဲခံရသူ ကိုကျော်နိုင်ကို ဩဂုတ် ၂၇ ရက်ရုံးချိန်းတွင် စစ်ဆေးခဲ့ကာ လာမည့် စက်တင်ဘာ ၃ ရက်ရုံးချိန်းတွင် မယမင်းမြတ်ကို စစ်ဆေးမည်ဟုဦးအောင်ကျော်စိန်က ပြောသည်။ ပြီးလျှင် တရားခံပြသက်သေတစ်ဦးကို စစ်ဆေးမည်ဖြစ်ကာ ထိုတစ်ဦးပြီးပါက လျှောက်လဲချက် ပေးရတော့မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ရခိုင်လက်နက်ကိုင်အဖွဲ့ (AA)အား ထောက်ပံ့ကူညီသည်ဟုဆိုကာ AA ခေါင်းဆောင်၏ ညီမနှင့်ယောက်ဖတို့အပြင် ညီဖြစ်သူနှင့် ရခိုင်အသင်း (စင်ကာပူ)တာဝန်ရှိသူများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မများဖြင့် တရားစွဲဆိုထားသည်။ထို့အပြင် ရခိုင်ပြည်နယ်အတွင်းရှိ တရားရုံးများတွင်လည်း အ ကြမ်းဖက်မှုဥပဒေပုဒ်မများနှင့် တရားစွဲဆိုထားသည့်အမှုများစွာ ရှိနေသည်။ https://7day.news/detail?id=197499

**************

## ၅။ ကော့ကရိတ်-မြဝတီ ကားလမ်းဟောင်းပေါ်ရှိ ဆက်သွယ်ရေးစခန်းတိုက်ခိုက်ခံရမှု တပ်မတော်သားငါးဦး သေဆုံး ရဲတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် ငါးဦးဒဏ်ရာရ

September 1, 2020

ကော့ကရိတ်-မြဝတီကားလမ်းဟောင်းမှ ဆက်သွယ်ရေးစခန်းတွင် တာဝန်ထမ်းဆောင်နေသော တပ်မတော်သားအချို့ တိုက်ခိုက်ခံခဲ့ရပြီး အနည်းဆုံးငါးဦးသေဆုံးကာ ရဲတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဌာနဆိုင်ရာတာဝန်ရှိသူများက ပြောသည်။ ကော့ကရိတ်-မြဝတီ ကားလမ်းဟောင်းပေါ်ရှိ ဒေသအခေါ် ဓမ္မအောင်တောင်ကုန်းရှိ ဆက်သွယ်ရေးစခန်း တိုက်ခိုက်ခံရမှုသည် ဩဂုတ် ၃၀ ရက် နံနက် ၂ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တပ်မတော်သားနှစ်ဦးသည် သေနတ်ဖြင့်ပစ်သတ်ခံရခြင်းဖြစ်ပြီး မှောက်လျက်သေဆုံးနေသော တပ်မတော်သား တစ်ဦး၏ ခန္ဓာကိုယ်အောက်တွင် လက်ပစ်ဗုံးတစ်လုံး ထောင်ထားခြင်းဖြစ်ကြောင်း ကျော့ကရိတ်မြို့မှ ဌာနဆိုင်ရာ အရာရှိတစ်ဦးက ပြောသည်။ သွားရောက်စစ်ဆေးသည့် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များက ယင်းတပ်မတော်သား ရုပ်အလောင်းအား ပက်လက်လှန်လိုက်ရာ ဗုံးပေါက်ကွဲမှုဖြစ်ခဲ့ပြီး အနည်းဆုံး ရှစ်ဦးဒဏ်ရခဲ့သည်။ ဗုံးပေါက်ကွဲမှု ကြောင့် ဒဏ်ရာရသူများမှာ အမှတ်(၃၁၀) ခြေမြန်တပ်ရင်းနှင့် အမှတ်(၇)ဆက်သွယ်ရေး တပ်ရင်းမှ ဗိုလ်မှူးတစ် ဦး၊ ဗိုလ်ကြီးတစ်ဦး၊ တပ်ကြပ်ကြီးတစ်ဦးနှင့် တပ်သားလေးဦး၊ ကျော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်တစ်ဦး စုစု ပေါင်းရှစ်ဦးဖြစ်ပြီး ယင်းတို့ထဲမှ သုံးဦးသေဆုံးခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်တစ်ခုလုံးတွင် ငါးဦးသေဆုံးခဲ့သည်ဟု ကျော့ကရိတ်မြို့မှ ဌာနဆိုင်ရာအရာရှိတစ်ဦးကပြောပြီး အသေးစိတ်အခြေအနေကို တပ်မတော်နှင့် ရဲတပ်ဖွဲ့က ဩဂုတ် ၃၁ ရက် ညနေအထိ သတင်းမထုတ်ပြန်သေးပေ။

အထက်ပါတိုက်ခိုက်ခံရမှုသည် မကြာသေးမီရက်အနည်းငယ်အတွင်းက ဒေသတွင်း ဖမ်းဆီးမိခဲ့သည့် မူးယစ် ဆေးဝါးအမှုအချို့နှင့် ဆက်စပ်နိုင်သလို ရွေးကောက်ပွဲကာလမတိုင်မီ အဖျက်အမှောင့်လုပ်ရန် ရည်ရွယ်ခြင်း လည်းဖြစ်နိုင်ကြောင်း ဒေသခံတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူအချို့က သုံးသပ် သည်။ တပ်မတော်သားနှစ်ဦးအား သေနတ်ဖြင့်ပစ်ခတ်သွားသူများနှင့် ဗုံးထောင်ခဲ့သူများကို စုံစမ်းဖော်ထုတ်နိုင် ရေးအတွက် ရဲတပ်ဖွဲ့က အမှုဖွင့်ထားသည်။ ထို့အပြင် အထက်ပါဖြစ်စဉ်တွင် ကျဆုံးသွားသော တပ်မတော်သား နှစ်ဦးကိုင်ဆောင်သည့် သေနတ်တစ်လက်နှင့်ကျည်အတောင့် ၁၂၀ လည်း ပျောက်ဆုံးနေဆဲဖြစ်သည်။ https://7day.news/detail?id=197492

*************

## ၆။ ကျောက်ဖြူက လွှတ်တော်ကိုယ်စားလှယ် အေအေနဲ့ပတ်သက်တယ်ဆိုပြီး ရွေးကောက်ပွဲပြိုင်ခွင့်မရ

၃၀ ဩဂုတ် ၂၀၂၀

ရခိုင်အမျိုးသားပါတီက လက်ရှိကျောက်ဖြူမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဟာ လာမယ့် ၂၀၂၀ ရွေးကောက်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ခွင့်မရဘဲ ပယ်ချခံလိုက်ရပါတယ်။ သူက ကျောက်ဖြူမြို့နယ် ရခိုင် အမျိုးသားပါတီက ကိုယ်စားလှယ်လောင်းဦးဖိုးစံဖြစ်ပြီးတော့ သူ့ရဲ့သားဖြစ်သူ တပ်မတော်က ဗိုလ်မှူးအဆင့်ရှိသူ ဟာ ရက္ခိုင့်တပ်တော် အေအေကို ဝင်ရောက်သွားတဲ့အတွက် ရွေးကောက်ပွဲဥပဒေနဲ့ ငြိစွန်းတယ်ဆိုပြီး ပြည် ထောင်စု ရွေးကောက်ပွဲကော်မရှင် ပယ်ချလိုက်တာလို့ သူကပြောပါတယ်။ သူ့ရဲ့သားဖြစ်သူ စစ်တက္ကသိုလ် ဗိုလ် လောင်းသင်တန်း အမှတ်စဉ် (၄၇) ဆင်း ဗိုလ်မှူးအောင်မြင့်စိုးဟာ အမှတ် (၇၃) သံချပ်ကာ တပ်မမှာ တာဝန်ထမ်း ဆောင်ရာကနေ ၂၀၁၈ ခု မေလလောက်မှာ အေအေထဲကို ဝင်ရောက်သွားခဲ့တာဖြစ်ပါတယ်။ ဒီအတွက် ရွေးကောက်ပွဲ ဥပဒေနဲ့ ငြိတယ်ဆိုပြီး ကိုယ်စားလှယ်လောင်းအမည်စာရင်းကနေသူ့ကို ပယ်ဖျက်လိုက်တာလို့ ကာယကံရှင် ဦးဖိုးစံက ပြောပါတယ်။ ဦးဖိုးစံအနေနဲ့ ဒီကိစ္စအပေါ် ခရိုင်၊ ပြည်နယ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထိ အဆင့်ဆင့်အယူခံဝင်ပေမဲ့ သတ်မှတ်ကာလအတောအတွင်းမှာ အယူခံဝင်ပိုင်ခွင့်မရှိဘူးလို့ ပြန် ကြားတယ်လို့ သိရပါတယ်။

ဒီလိုရွေးကောက်ပွဲကော်မရှင်က ပယ်ချလိုက်တဲ့အပေါ် ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသူရိန်ထွဋ်က ဦးဖိုးစံရဲ့သားဟာ အေအေဘက်ကို ဝင်ရောက်သွားတယ်လို့ ပြည်ထဲရေးဝန်ကြီးဌာနက အကြောင်းကြားထားတာကြောင့် အခုလို ပယ်ချခဲ့ရတာဖြစ်တယ်လို့ပြောပါတယ်။ ရခိုင်ပြည်နယ်အတွင်း အခုလို တပ်မတော်ထဲက မိသားစုဝင်တစ်ဦး အေအေထဲကို ဝင်ရောက်သွားတဲ့အတွက် မိသားစုထဲက လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းတင်သွင်းသူကို ပယ်ဖျက်ခံရတာကတော့ ပထမဆုံးအကြိမ် ဖြစ်တယ်လို့လည်းရခိုင်ဒေသခံတွေကပြောပါတယ်။ https://www.bbc.com/burmese/53964790

*****************

## ၇။ ကိုရိုနာဗိုင်းရပ်စ် သတင်းတွေ သိရဖို့ ရခိုင်စစ်ရှောင်စခန်းတွေကို ရေဒီယိုတွေ ဝေမယ်

၂၇ ဩဂုတ် ၂၀၂၀

ရခိုင်စစ်ရှောင်စခန်းတွေမှာ အင်တာနက်မရတာကြောင့် စစ်ရှောင်စခန်း ၁၀၀ကျော်ကို ကိုဗစ် ရောဂါ သတင်းအချက်အလက်တွေနဲ့ နောက်ဆုံးအခြေအနေသိနိုင်ဖို့အတွက် ရေဒီယိုတွေ ဝေဖို့လုပ်နေတယ် ရခိုင်တိုင်းရင်းသားမျိုးနွယ်များ အစည်းအရုံး REC အတွင်းရေးမှူး ဦးဇော်ဇော်ထွန်းက ဘီဘီစီကို ပြောပါတယ်။ စစ်ရှောင်စခန်းတွေကို ဝေတဲ့ ရေဒီယိုတွေဟာ နိုင်ငံတကာသတင်းဌာနတွေကို ဖမ်းယူနားဆင်လို့ရတဲ့ ရေဒီယိုမျိုးနဲ့ ဓာတ်ခဲအကြီးနဲ့ ကြာကြာခံတဲ့ ရေဒီယိုမျိုးတွေကို ဦးစားပေးမှာယူထားတယ်လို့လည်း သူက ရှင်းပြပါတယ်။

ရခိုင်ပြည်နယ်နဲ့ချင်းပြည်နယ်က မြို့နယ်တချို့မှာ တစ်နှစ်ကျော်ကြာ အင်တာနက်ဖြတ်တောက်ခံခဲ့ရပါတယ်။ အဲဒါကို ပြီးခဲ့တဲ့ ဩဂုတ်လဆန်းက ပြန်ဖွင့်ပေးခဲ့ပေးမဲ့ အခုပြန်ရတဲ့ နေရာအများစုမှာ အင်တာနက်လိုင်းဟာ အရင်မပိတ်ခင်ကလို 4G ကွန်ရက် အပြည့်အဝ မရရှိဘဲ 2G အဆင့်သာပြန်လည်ရရှိတဲ့အတွက် အလုပ်မတွင်ကျယ်ဖြစ်နေတယ်လို့ ဒေသခံတွေက ပြောပါတယ်။ ဒါ့အပြင် စခန်းတွင်းကဒုက္ခသည်တွေဟာ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း မြောက်ဦးမြို့ပေါ်ကို သွားလာတာတွေရှိခဲ့လို့ စခန်းတွေအတွင်း ရောဂါကူးစက်မှုဖြစ်လာမှာ စိုးရိမ်နေရတယ်လို့ တိမ်ညိုဒုက္ခသည်စခန်းတာဝန်ခံ ဦးဝေလှအောင်က ပြောပါတယ်။

စစ်ရှောင်စခန်းတွေမှာ အင်တာနက် 4G အပြည့်အဝမရတာကြောင့် အင်တာနက်ကနေ သတင်းအချက်အလက်ရဖို့ အခက်အခဲရှိနေပြီး စခန်းပေါင်း ၁၄၃ ခုမှာ နေထိုင်တဲ့ စစ်ဘေးရှောင် ဒုက္ခသည် ၅၉၆၄၃ ကျော်ရှိတယ်လို့ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများအစည်းအရုံး(REC)ရဲ့စာရင်းများအရသိရပါတယ်။
https://www.bbc.com/burmese/burma-53934319

***************

## ၈။ COVID-19 ရောဂါဖြစ်ပွားသူများလာချိန်တွင် တောင်ကြီးမြို့၌ ကျန်းမာရေးညွှန်ကြားချက်များ လိုက်နာခြင်းမရှိသူများကို ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေအပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့်ပါ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ပြောကြား

1 9 2020

COVID-19 ရောဂါဖြစ်ပွားသူ တိုးပွားလာချိန်တောင်ကြီးမြို့တွင် ကျန်းမာရေးညွှန်ကြားချက်များ လိုက်နာခြင်း မရှိသူများကို ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေအပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့်ပါ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဟု တောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

တောင်ကြီးမြို့တွင်လည်း ကိုဗစ်ရောဂါ လူနာကင်းစင်ပြီးမှ ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထုတ်ပြန်ချက်အရ လူနာအမှတ်စဉ် ၆၅၂ တွင် ရောဂါပိုးတွေ့ရှိကြောင်း အတည်ပြုထုတ်ပြန်ချက်အရ တောင်ကြီးမြို့တွင် ပိုးတွေ့လူနာပြန်ရှိလာသဖြင့် ကျန်းမာရေးဆိုင်ရာစီမံချက်များနှင့် ကာကွယ်ရေးစီမံချက်များကို ထိရောက်စွာဆောင်ရွက်သွားရန် အစိုးရအဖွဲ့ကလမ်းညွှန်ထားပြီး မြို့နယ်အဆင့်တွင်လည်း ပြည်သူလူထု အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်နေကြောင်း သိရသည်။

ထို့ပြင်ဌာနဆိုင်ရာများက ထိရောက်တင်းကျပ်စွာ ကိုင်တွယ်ဆောင်ရွက်ရန်လိုအပ်ပြီး ပြည်သူလူထုအနေဖြင့်လည်း စည်းကမ်းလိုက်နာကြရန် လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းခရီးသွားလာသူများ သက်ဆိုင်ရာသို့ သတင်းပေးပို့ကြရန် လိုအပ်ကြောင်း ရှမ်းပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ သူဇာချစ်တင်က ပြောကြားသည်။ https://news-eleven.com/article/190190

****************

## ၉။ အမ်းတပ်နယ်ရှိ တားမြစ်နယ်မြေတွင် လုံခြုံရေးစစ်သည်နှင့်လူငယ်တစ်ဦးတို့ အချင်းများမှုဖြစ်ပွားခဲ့ပြီး ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သော စစ်သည်ကို အရေးယူမည်ဟု တပ်မတော် သတင်းထုတ်ပြန်

31 AUGUST 2020

ရခိုင်ပြည်နယ် အမ်းတပ်နယ်ရှိ တားမြစ်နယ်မြေအတွင်း လုံခြုံရေးစစ်သည်တစ်ဦးနှင့်လူငယ်တစ်ဦးတို့ ဩဂုတ် ၂၈ ရက်တွင် လုံခြုံရေးကိစ္စနှင့်ပတ်သက်၍ နားလည်မှုလွဲမှားကာ အချင်းများမှုဖြစ်ပွားခဲ့ပြီး အဆိုပါဖြစ်စဉ်တွင် ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့သော စစ်သည်ကို စစ်စည်းကမ်းနှင့်အညီ အရေးယူမည်ဟု တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က ဩဂုတ် ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ထို့နောက် အဆိုပါနေရာသည်တားမြစ်နယ်မြေဖြစ်၍ လာရောက်ခြင်းမပြုရန်ပြောဆိုရာမှ မောင်ညီညီစိုး၏ အမူအရာအရ နားလည်မှုလွဲကာ အပြန်အလှန်စကားများခဲ့ပြီး ခိုက်ရန်ဖြစ်ပွားသဖြင့် မောင်ညီညီစိုး၏ ဝဲဘက် ပါးတွင်ပွန်းပဲ့ဒဏ်ရာရရှိခဲ့ကြောင်း တပ်မတော်က သတင်းထုတ်ပြန်သည်။ ဖြစ်စဉ်အား တပ်ရင်းမှတာဝန်ရှိသူများက သိရှိခဲ့ပြီးနောက် မောင်ညီညီစိုးနှင့်မိဘများ၊ ရပ်မိရပ်ဖများကို တွေ့ဆုံ၍ တောင်းပန်စကားပြောကြားခဲ့ပြီး ဆေးဝါးကုသနိုင်ရန် ပထမအကြိမ်တွင် ငွေကျပ် ၃၀၀၀၀ အားလည်းကောင်း၊ ဩဂုတ် ၂၉ ရက်တွင် ထပ်မံ၍ ငွေကျပ် ၃၀၀၀၀၀ အားလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း တပ်မတော်၏ သတင်းထုတ်ပြန်ချက်တွင် ပါဝင်သည်။

အဆိုပါ ဖြစ်စဉ်သည် လူငယ်သဘောသဘာဝအရ အချင်းချင်းနားလည်မှုလွဲမှားကာ အချင်းများမှုဖြစ်ပွားခဲ့ခြင်းသာဖြစ်ပြီး ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့သော စစ်သည်ကို စစ်စည်းကမ်းအရ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် တားမြစ်နယ်မြေဖြစ်၍ နောင်တွင်ဝင်ရောက်မှုမရှိစေရေး ပြောဆိုကာနှစ်ဦးနှစ်ဖက် နားလည်မှုရရှိကာ ကျေအေးခဲ့ပြီးဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

https://news-eleven.com/article/190078

*************

## ၁၀။ ဖားကန့်တွင် စုပေါင်းအဖွဲ့က မူးယစ်ရောင်းချနေသူများ၏ တဲငယ် ၂၅ လုံးကို မီးရှို့ဖျက်ဆီး

30 AUGUST 2020

ဖားကန့်တွင် စုပေါင်းအဖွဲ့က မူးယစ်ဆေးဝါးရောင်းချနေသူများ၏ တဲငယ် ၂၅ လုံးကို ဩဂုတ်၂၉ ရက် မွန်းလွဲပိုင်းက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

တပ်မ ၃၃ မှ ဗိုလ်ကြီးရဲမင်းဦး၊ ဆိပ်မူကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဖားကန့်မူးယစ် တိုက်ဖျက်ရေးအဖွဲ့၊ ဆိပ်မူရဲကင်းမှအဖွဲ့၊ မီးသတ်ဌာနစသည့်ပူးပေါင်းအဖွဲ့များက ဆိပ်မူကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာအနီး သရက်ခြံအတွင်း ကျူးကျော်နေထိုင်ပြီး မူးယစ်ဆေးဝါးများရောင်းချနေသူများ၏ မိုးကာတဲ ၂၅ လုံးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

ထိုနေ့က မီးရှို့ဖျက်ဆီးခဲ့သည့် မူးယစ် ဆေးရောင်းချနေသည့်နေရာ၌ တစ်နေ့လျှင် လူရာနှင့်ချီ သုံးစွဲနေသည့်နေရာဖြစ်ပြီး ဘိန်းဖြူနှင့် ရာမ (စိတ်ကြွ ဆေးပြား) အဓိက ရောင်းချသည့်နေရာဖြစ်ကြောင်း ဒေသခံများက ဆိုသည်။ https://news-eleven.com/article/189976

****************

## ၁၁။ စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးတွင် ဆန်ပေးမည်၊ ငွေပေးမည်ဟု သတင်းမှားများ ထွက်ပေါ်လာပြီး လူစုလူဝေး ဖြစ်ပွားခဲ့

29 AUGUST 2020

စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးတွင် ဆန်ပေးမည်၊ ငွေပေးမည်ဟု သတင်းမှားများ ထွက်ပေါ်လာပြီး လူစုလူဝေး ဖြစ်ပွားခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ဆန်ပေးမည်၊ ငွေပေးမည်ဟု သတင်းမှားများထွက်ပေါ်လာပြီးနောက် လူစုလူဝေးဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရွာကြီးတောင်ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောကြားသည်။ အလှူရှင်တစ်ဦးကပေးမည်ဟု သတင်းကြားရသဖြင့် ရောက်ရှိလာခြင်းဖြစ်ကြောင်း လူစုလူဝေးသို့ လာရောက်ခဲ့သည့် စစ်တွေမြို့ခံ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ရခိုင်ပြည်နယ်စစ်တွေမြို့တွင် COVID-19 ရောဂါပိုးတွေ့ရှိသူ များနေသည့် မြို့တစ်မြို့ဖြစ်ပြီး စုစုပေါင်း လူ ၁၀၀ ကျော် ကူးစက်ခံနေရသည်။ https://news-eleven.com/article/189806

***************

## ၁၂။ ရခိုင်ပြည်နယ်အတွက် ငွေရေးကြေးရေး လိုသမျှ ပံ့ပိုးပေးမယ်လို့ ဒေါ်အောင်ဆန်းစုကြည် ပြောကြား

28 AUG 2020

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှုများနေတဲ့ ရခိုင်ပြည်နယ်အတွက် ငွေရေးကြေးရေးလိုသမျှ ပံ့ပိုးပေးသွားမှာဖြစ်ပြီး ရိက္ခာလည်း မပြတ်စေရဘူးလို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။

သည်ကနေ့ ပြုလုပ်တဲ့ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အွန်လိုင်းဆွေးနွေးမှု အစီအစဉ်မှာ အခုလို ထည့်သွင်း ပြောကြားခဲ့တာပါ။ ဒါ့အပြင် ရခိုင်ပြည်နယ်အတွက် လိုအပ်တဲ့ ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီးတော့လည်း လိုအပ်သမျှ ပံ့ပိုးပေးမယ်လို့ ဆိုပါတယ်။ ဆွေးနွေးမှုမှာပါဝင်တဲ့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုကတော့ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်အတွက် ပြည်ထောင်စုဘတ်ဂျက်ကနေ ကျပ် ၁၀ ဘီလျံကျော်၊ ပြည်နယ် ဘတ်ဂျက်ကနေ ကျပ် ၁ ဘီလျံကျော် နဲ့ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကနေ ကျပ်သန်း ၃၀၀ ကျော် သုံးစွဲထားတယ်လို့ ဆိုပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ သည်ကနေ့ မနက်ပိုင်းထုတ်ပြန်ချက်အရ မြန်မာနိုင်ငံမှာ ကိုဗစ်အတည်ပြုလူနာစုစုပေါင်း ၆၂၈ ဦးအထိ ရှိနေပြီး အခုချိန် အတည်ပြုလူနာသစ်တွေ အများဆုံးတွေ့ရှိနေတာကတော့ ရခိုင်ပြည်နယ်က ဖြစ်ပါတယ်။ https://www.kumudranews.com/news-38392

****************

## ၁၃။ မဲဆွယ်မယ်ဆို အကြောင်းကြားရမယ်လို့ RCSS/SSA ကြေညာ

စက်တင်ဘာ ၁ရက် ၂၀၂၀

RCSS ထိန်းချုပ်နယ်မြေအတွင်းမှာ မဲဆွယ်စည်းရုံးရေးလုပ်ငန်းတွေလုပ်မယ်ဆိုရင် ကြိုတင်အကြောင်းကြား ရမယ်လို့ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) က စက်တင်ဘာ ၁ ရက်နေ့မှာထုတ်ပြန်ကြေညာလိုက်ပါတယ်။

နယ်မြေလုံခြုံရေးအခြေအနေအရ နိုင်ငံရေးပါတီတွေကို မေတ္တာရပ်ခံတာဖြစ်ပြီး မမျှော်မှန်းနိုင်တဲ့ စစ်ရေးအခြေအနေတွေကြုံလာခဲ့သည်ရှိသော် ကူညီဆောင်ရွက်ပေးနိုင်ဖို့ အခုလိုထုတ်ပြန်ရတာလို့လည်း သိရပါတယ်။

RCSS ရဲ့ထိန်းချုပ်နယ်မြေတွေဆိုတာဟာ ရှမ်းပြည်နယ်တောင်ပိုင်းတစ်ခုလုံးကိုဆိုလိုပြီးတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဘက်က RCSS တပ်ဖွဲ့တွေရှိတဲ့နေရာတချို့လည်းပါဝင်တယ်လို့ သူကဆိုပါတယ်။ RCSS အနေနဲ့ အခုလိုထုတ်ပြန်ချက်မျိုးကို ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတုန်းကလည်း ထုတ်ပြန်ခဲ့ဖူးပေမယ့် ရွေးကောက်ပွဲဖြစ်စဉ်အပေါ် နောက်ယှက်တာမျိုးတော့မရှိခဲ့ဘူးလို့ မိုင်းကိုင်မြို့ ပြည်နယ်လွှတ် တော်ကိုယ်စားလှယ် စိုင်းပန်းက ပြောပါတယ်။

ထိုင်းနယ်စပ် ရှမ်းပြည်နယ်တောင်ပိုင်းရှိ လွယ်တိုင်းလျန်မှာ အခြေစိုက်တဲ့ RCSS/SSA ဟာ ၂၀၁၁ခုနှစ် ဒီဇင်ဘာလမှာ အစိုးရနဲ့အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးထားတဲ့အဖွဲ့လည်း ဖြစ်ပါတယ်။ အင်အားရှစ်ထောင်ကျော်ရှိတယ်လို့ ခန့်မှန်းရတဲ့ RCSS/SSA ဟာ ရှမ်းပြည်နယ် ကွန်ဟိန်း၊ မောက်မယ်၊ နမ့် ဆန်၊ ကျောက်မဲ၊ မိုင်းတုံ၊ မိုင်းပန်စတဲ့ ဒေသတွေမှာထိန်းချုပ်လှုပ်ရှားနေကြောင်း မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် စောင့်ကြည့်လေ့လာနေတဲ့ Myanmar Peace Monitor ရဲ့ ၂၀၁၅ ခုနှစ်စစ်တမ်းမှာဖော်ပြထားပါတယ်။

http://www.mizzimaburmese.com/article/72925

*******************

## ၁၄။ ရခိုင်ကို လေကြောင်းဖြင့် ခရီးသွားခဲ့သူများ သတင်းမပို့လျှင် ဥပဒေဖြင့် အရေးယူမည်

ဩဂုတ် ၃၀ ၂၀၂၀

ရခိုင်ပြည်နယ်ရှိ ရောဂါကူးစက်ဖြစ်ပွားနေသော မြို့နယ်များသို့ ဩဂုတ် ၁၀ ရက်နေ့ကစပြီးလေကြောင်းဖြင့် ခရီးသွားခဲ့သူများ မိမိအသိစိတ်ဓာတ်ဖြင့် သတင်းပေးပို့ရမည်ဖြစ်ပြီး မပို့လျှင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဥပဒေဖြင့် အရေးယူမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

လတ်တလော COVID-19 ပိုးတွေ့လူနာအများစုသည် စစ်တွေမြို့တွင်နေထိုင်သူများနှင့် စစ်တွေမြို့နယ်သို့ ခရီးသွားခဲ့သူများဖြစ်နေသောကြောင့် ရောဂါစစ်ဆေးမှုခံယူနိုင်ရန်ယခုကဲ့သို့ထုတ်ပြန်ရခြင်းဖြစ်သည်။ ဩဂုတ်လ ၁၀ ရက်နေ့မှ ဩဂုတ်လ ၂၇ ရက်နေ့အထိ လေကြောင်းခရီးစဉ်ဖြင့် ရခိုင်ပြည်နယ်မှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရောက်ရှိသွားသူ ၅၇၀၀ ကျော်ရှိကြောင်းနှင့် ၎င်းတို့ထဲမှ အချို့မှာ COVID-19 ကူးစက်ခံ =ထားရသူများဖြစ်နိုင်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နေပြည်တော်တွင်ပြုလုပ်သောအစည်းအဝေးတွင်ထည့်သွင်းပြောကြားထားသည်။

ဩဂုတ်လ ၁၀ ရက်နေ့မှစပြီး ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် လိုက်ပါခဲ့သူများ၏ အမည်စာရင်းများကိုလည်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားပြီး ၎င်းတို့အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများကို သတင်းပို့ကျန်းမာရေးစစ်ဆေးမှုခံယူရန်လိုအပ်မည်ဖြစ်ကြောင်း အသိပေးထားသည်။ ရခိုင်ပြည်နယ်မှခရီးသွားရာဇဝင်ရှိသူများအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့သတင်းပို့ကာကွာရန်တင်းဝင်နေကြသူများလည်းရှိနေသည်။

http://www.mizzimaburmese.com/article/72844

****************

## ၁၅။ ရသေ့တောင် စေတီပြင်ရွာသားတစ်ဦး ခြေထောက်ကို ကျည်ဆံထိမှန်

2020-08-31

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာမှာ ဒီနေ့မနက်က ဘယ်ကနေ ပစ်ခတ်လိုက်တဲ့ ကျည်ဆံမှန်းမသိတဲ့ ကျည်ဆံတချို့ နေအိမ်ထဲကျခဲ့တဲ့အတွက် အသက် ၁၈ နှစ်အရွယ် လူငယ်တစ်ဦး ခြေထောက်ကို

ထိမှန်ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။ ဘယ်ကပစ်မှန်းမသိတဲ့ အဲဒီကျည်ဆံဟာ နေအိမ်အမိုးကိုဖောက်ပြီး ကျတာကြောင့် အသက် ၁၈ နှစ်အရွယ် မောင်ဆန်းလှိုင်ဖြိုးရဲ့ ခြေထောက်ကိုထိမှန်ခဲ့တယ်လို့ လုံခြုံရေးအရ အမည်မဖော်လိုတဲ့ စေတီပြင် ရွာသား တစ်ဦးက ပြောပါတယ်။

လက်ရှိ မောင်ဆန်းလှိုင်ဖြိုးဟာ စေတီပြင်တိုက်နယ်ဆေးရုံမှာ တတ်ရောက်ဆေးကုသနေတယ်လို့လည်း ပြောပါတယ်။ ဒီနေ့မနက် ၁၀ နာရီကျော်လောက်က ရသေ့တောင်မြို့နယ် ရေမျက်ရွာအနီး မေယုမြစ်ထဲမှာ ရေတပ်နဲ့ ကုန်းမှာရှိတဲ့ AA တို့ ပစ်ခတ်မှုတွေဖြစ်ခဲ့တယ်လို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်က ပြောပါတယ်။ ပြီးခဲ့ ၃ ရက်လောက်ကစပြီး ပစ်ခတ်သံတွေကြားနေရကာ ထိခိုက်ဒဏ်ရာရတာတွေလည်း ရှိတယ်လို့ ဦးခင်မောင်လတ်က ပြောပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လ ၂၉ ရက်နေ့တုန်းကလည်း ငစံဘော်ကျေးရွာက ဦးအောင်ကျော်ညွှန် လက်မောင်း ကျည်ဆံထိမှန်ခဲ့သလို ဩဂုတ်လ ၂၂ ရက်နေ့ ည ၈ နာရီလောက်က ကျောက်ရုံကျေးရွာထဲ လက်နက်ကြီး ကျည်ကျတဲ့ အတွက် မိသားစု ငါးဦး ထိခိုက်ဒဏ်ရာရပြီး ရသေ့တောင်ဆေးရုံမှာ ဆေးကုသမှု ခံယူနေကြရပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က ဗိုလ်ချုပ် ဇော်မင်းထွန်းကို ညနေပိုင်းအထိ ဆက်သွယ်ပေမယ့် ဆက်သွယ်လို့ မရပါဘူး။ https://www.rabbit-converter.org/Rabbit/

***************

## ၁၆။ မွန်ညီညွတ်ရေးပါတီက ဗဟိုအောင်နိုင်ရေးကော်မတီဖွဲ့စည်း

2020-08-29

မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီ၊ ရန်ကုန်နဲ့ ပဲခူးတိုင်းတွေမှာ ကိုယ်စားလှယ်လောင်း ၇၀ နီးပါးနဲ့ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မယ့် မွန်ညီညွတ်ရေးပါတီ MUP က ဗဟိုရွေးကောက်ပွဲ အောင်နိုင်ရေးအဖွဲ့ကို ဖွဲ့စည်းလိုက်ပါပြီ။

အောင်နိုင်ရေးကော်မတီကို ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တွေ၊ အရင်ရွေးကောက်ပွဲ အောင်နိုင်ရေး လုပ်ငန်းဆောင်ရွက်ဖူးတဲ့ အတွေ့အကြုံရှိသူတွေနဲ့ဖွဲ့စည်းထားတာဖြစ်ပြီး ကော်မတီမှာ နိုင်စိုးမြင့်၊ နိုင်စံလှိုင်၊ မင်းကြည်ဝင်း အစရှိတဲ့ ပုဂ္ဂိုလ်တွေ ပါဝင်ပါတယ်။ ပါတီအနေနဲ့ ဖက်ဒရယ်တည်ဆောက်ရေးကို ဆောင်ရွက်ဖို့ ကတိပေးမဲဆွယ် စည်းရုံးသွားမှာဖြစ်ပြီး လက်ရှိမှာ ကိုယ်စားလှယ်လောင်းတွေနဲ့ ဒေသခံတွေကို မိတ်ဆက်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်နေတယ်လို့ ပါတီရဲ့ အတွင်းရေးမှူး အဖွဲ့ဝင် နိုင်သန်းရွှေက ပြောပါတယ်။

မွန်အမျိုးသားပါတီနဲ့ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီတို့ ပူးပေါင်းပြီး တည်ထောင်ထားတဲ့ မွန်ညီညွတ်ရေး ပါတီဟာ ကိုယ်စားလှယ်လောင်း စုစုပေါင်း ၆၇ ဦး ရွေးကောက်ပွဲဝင်မှာဖြစ်ပြီး အမျိုးသား ၇၄ ရာခိုင်နှုန်းကျော်၊ အမျိုးသမီး ၂၅ ရာခိုင်နှုန်းကျော် ပါဝင်ပါတယ်။ အသက်အရွယ်အားဖြင့် ၄၀ အောက် ကိုယ်စားလှယ်လောင်း ၃၄ ရာခိုင်နှုန်းကျော်ပါပြီး ၄၀ အထက်က ၆၅ ရာခိုင်နှုန်းကျော် ပါဝင်ပါတယ်။

https://www.rfa.org/burmese/news/mon-mup-party-08292020055039.html

## ၁၇။ ဖလုံ-စဝေါက နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်တိုင်းတွင် သုံးဦး ဝင်ပြိုင်မည်

August 29, 2020

ကရင်ပြည်နယ်အခြေစိုက် ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ(PSDP) သည် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပြည်နယ်ပြင်ပ နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ လွှတ်တော်ကိုယ်စားလှယ်(၃)ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပါတီအထွေထွေအတွင်းရေးမှူး စောကြည်လင်းက ပြောသည်။

ဖလုံ-စဝေါ်အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် စောစိုးနိုင်၊ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် စောဝင်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိုင်းဒေသကြီး အမှတ်-၂ မဲဆန္ဒနယ်မြေ၌ စောညီညီတို့ အသီးသီး ဝင်ပြိုင်သွားမည်ဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေ ၈ မြို့နယ်တွင် ကရင်ဖြူလူဦးရေ ငါးသောင်းကျော်ရှိပြီး၊ ပျဉ်းမနားမြို့နယ်တွင် ကရင်ဖြူလူဦးရေ တစ်သောင်းခွဲခန့်ရှိသည့်အတွက် ဝင်ပြိုင်ရန် ရွေးချယ်လိုက်ခြင်းဖြစ်သည်ဟု ဖလုံ-စဝေါ် ကိုယ်စားလှယ်လောင်း စောစိုးနိုင်က ပြောသည်။

ကရင်ပြည်နယ်ရှိ ကရင်ပါတီ ၄ ခု ပြန်ပေါင်းစည်းကာ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) ကို တည်ထောင်စဉ်က ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီဝင်အချို့ သွားရောက်ပူးပေါင်းခြင်းများရှိပြီး ကရင်ပြည်နယ်တွင် ကရင်ပါတီများအချင်းချင်းထိပ်တိုက်မတွေ့ရေးအတွက် ဖလုံ-စဝေါ် အနေဖြင့် ယခုလို ပြည်နယ်တွင် ဝင်မပြိုင်ခြင်းဖြစ်သည်။

http://kicnews.org/2020/08/%e1%80%96%e1%80%9c%e1%80%af%e1%80%b6-%e1%80%85%e1%80%b1%e1 %80 %9 d% e1%8 %9a%e1%80%80-

*****************

## ၁၈။ ကျိုင်းတောင်းရေအားလျှပ်စစ် ဝန်ထမ်း အိမ်ရာဆောက်ရန် ယာမြေ ဧက ၂၀၀ ကုမ္ပဏီသိမ်းယူမည့်ကိစ္စ ဒေသခံ သဘောမတူ

August 28, 20200

သျှမ်းပြည်တောင်ပိုင်း ရေအားလျှပ်စစ်ထုတ်လုပ်ရာ လင်းခေးခရိုင် မိုးနဲမြို့နယ်ကျိုင်းတောင်းမြို့နယ်ခွဲတွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အတွက် ဟုဆိုကာ ရွာသားများ၏ ယာမြေ ဧက ၂၀၀ ကျော် ကို ကုမ္ပဏီမှ သိမ်းယူမည့်အပေါ် ဒေသခံများကသဘောမတူနိုင်ကြောင်း ခရိုင်ရုံးထံသို့ ကန့်ကွက်စာပေးပို့ထားသည်ဟု သိရသည်။

ကုမ္ပဏီမှသိမ်းယူမည့်ယာမြေသည် ကျိုင်းတောင်းမြို့တောင်ဘက်ရှိ ဝမ့်ကတ်ရွာတွင်တည်ရှိပြီး ရွာနှင့်နီးကပ်လွန်းကြောင်း ၊ အဆိုပါယာမြေများအသိမ်းခံရပါက ရွာသားများ လုပ်ကိုင်စားသောက်ရေးအတွက်အခက်အခဲဖြစ်မည်ဖြစ်ကြောင်း ရွာသားများကပြောသည်။ လျှပ်စစ်ထုတ်လုပ်ရေးဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် အစိုးရထံမှ ခွင့်ပြု

ချက်ရပြီးဖြစ်ကြောင်း ၄င်းမြေယာများကို ကုမ္ပဏီမှ တိုင်းတာခဲ့ပြီးဖြစ်ကြောင်း ထို့ကြောင့်ရွာသားများ သဘောတူကြောင်းလက်မှတ်ထိုး ရန်သာကျန်ကြောင်း ကုမ္ပဏီကပြောသည်ဟု ရပ်မိရပ်ဖလည်းဖြစ်သည့် လုံးတိက ပြောသည်။ မိုင်းကိုင်မြို့တွင်မြစ်ဖျားခံပြီး စီးဆင်းလာသည့်နမ့်တိန်းချောင်းပေါ်တွင် အဆိုပါ ကျိုင်းတောင်း စုံအန်ရေအားလျှပ်စစ်ထုတ်လုပ်ရေးကို ပြီးခဲ့သည့် ၂၀၁၂ က တည်ဆောက်ပြီးစီးခဲ့ပြီး လျှပ်စစ်ဓါတ်အား ၆၀ မဂ္ဂါဝပ်ထုတ်လုပ်ကာ သျှမ်းပြည် တောင်ပိုင်းမြို့နယ်တချို့နှင့် တောင်ကြီးမြို့စစ်တိုင်းရုံး ၊ ရလခ စစ်တိုင်းရုံးတို့ ကို လျှပ်စစ်မီးပေးနေကြောင်း မြန်မာ့လျှပ်စစ်၏ ဝက်ပ်ဆိုက်စာမျက်နှာတွင်ဖော်ပြထားသည်။

အဆိုပါစုံအန်ရေအားလျှပ်စစ်ထုတ်လုပ်ရေးအပြင် ၄င်း၏အထက်ပိုင်းရှိ မြို့နှင့် ၁၄ မိုင်ခန့်အကွာတွင် အထက်ကျိုင်းတောင်းရေအားလျှပ်စစ်ထုတ်လုပ်ရေးကို လက်ရှိတည်ဆောက်နေဆဲဖြစ်ကြောင်းသိရသည်။ အဆိုပါစီမံကိန်းကို ၂၀၂၁ ခုနှစ်တွင် အပြီးဆောက်လုပ်ဖို့ရှိပြီး အလားတူ လျှပ်စစ်ဓါတ်အား ၆၀ မဂ္ဂါဝပ် ထုတ်လုပ်မည်ဖြစ်ကြောင်းလည်းသိရပါသည်။ https://burmese.shannews.org/archives/18149

***************

## ၁၉။ ကယားဝန်ကြီးချုပ်အပေါ် စွပ်စွဲပြစ်တင်မှု အောင်မြင်

1 September 2020

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုအား ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဌာန်းချက်များ ဖောက်ဖျက်ကျူးလွန်သည် ဆိုကာ စွပ်စွဲ ပြစ်တင်မှုကို ယနေ့ ပြည်နယ်လွှတ်တော်အစည်းအဝေး၌ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၆ မဲ၊ ကန့်ကွက်မဲ ၄ ဖြင့် စွပ်စွဲပြစ်တင်မှု အောင်မြင်ကြောင်း သိရသည်။
ထိုသို့ အောင်မြင်သည့်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၆၃(င) (၁)အရ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ အနည်းဆုံး ၃ ပုံ ၂ ပုံက စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်နယ်ဝန်ကြီးချုပ်ရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် ဥက္ကဋ္ဌသည် ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြ အစီရင်ခံရမည်။ ထို့နောက် အဆိုပါ ပုဒ်မခွဲ(၂)အရ နိုင်ငံတော်သမ္မတသည် တင်ပြချက်ရရှိလျှင် စွပ်စွဲပြစ်တင်ခြင်းခံရသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအားရာထူးမှ ရပ်စဲရမည်ဖြစ်သည်။
၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ကိုယ်စားပြုအဖြစ် မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီးနောက် ကယားပြည်နယ်ဝန်ကြီးချုပ်ဖြစ်လာသည့် ဦးအယ်လ်ဖောင်းရှိုသည် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲ၌လည်း မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) မှ ပင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ထပ်မံဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။ https://burma.irrawaddy.com/news/2020/09/01/229059.html

***************

မှတ်ချက်။ **သက်ဆိုင်ရာသတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။**

***** ပြီး *****